# အနိစ္စ

## ရှင်အာစာရ

အနိစ္စဆိုတာ ပရမတ္ထဒေသနာ ဖြစ်ပါတယ်။ နားလည်ဖို့ မလွယ်ပါဘူး။ ဗုဒ္ဓဘာသာရဲ့ အရေးကြီးတဲ့ ဒေသနာ ဖြစ်နေတော့ နားလည်ဖို့ ခက်ပေမယ့် နားလည်အောင် ကြိုးစားရမယ့် တရားလည်း ဖြစ်ပါတယ်။ ဒီတရားကို နားလည် သဘောပေါက်တယ်ဆိုရင် နားလည်တဲ့ အတိုင်းအတာနဲ့ အညီအမျှ ချမ်းသာသုခ ရရှိနိုင်ပါတယ်။ အပြည့်အဝ နားမလည်ဘဲ အနည်းအကျဉ်း ရိပ်မိတယ် ဆိုရင်ကိုပဲ အကျိုးကြီးလှပါတယ်။

အနိစ္စဆိုတဲ့ စကားဟာ အဓိပ္ပာယ် လေးနက်ပေမယ့် မြန်မာတွေနဲ့ ရင်းနှီးပြီးသား ဖြစ်ပါတယ်။ ဒီစကားအသုံးဟာ ဗုဒ္ဓဘာသာအတွက် အရေးပါတဲ့ စကားလုံးဖြစ်ပါတယ်။ အနိစ္စသဘောကတော့ ဗုဒ္ဓအဘိဓမ္မာရဲ့ အနှစ်သာရပါပဲ။

အနိစ္စရဲ့ အခြေခံကျတဲ့ အဓိပ္ပာယ်ကို သက်ရှိသက်မဲ့ အရာအားလုံး အမြဲမပြတ် ဖြစ်လိုက်ချုပ်လိုက် တရွေ့ရွေ့ ပြောင်းလဲနေခြင်းလို့ ဖွင့်ဆိုနိုင်ပါတယ်။ ဖောက်ပြန်ပြောင်းလဲ တတ်တဲ့ ဝိကာရသဘော၊ အကြောင်းတိုက်ဆိုင်လို့ ဖြစ်ပေါ်လာပြီး အကြောင်းမညီညွတ် တော့ ပျက်သုဉ်းသွားတဲ့အခါ ဘာရယ်လို့ လက်ဆုပ်လက်ကိုင် ပြစရာမရှိတဲ့ အဘာဝသဘော၊ အခိုက်အတန့်သာ တည်မြဲနေနိုင်တဲ့ တာဝကာလိကသဘော၊ ဖြစ်ပြီးပျက်တတ်တဲ့ ခယသဘော, ဥပ္ပါဒဝယသဘော၊ အချိန်ကြာကြာ ဖြစ်တည်မနေနိုင်တဲ့ အနဒ္ဓနိယသဘော, အစိရဋ္ဌိတိကသဘော တွေကို အနိစ္စလို့ ခေါ်ပါတယ်။

အသက်ရှင်ရာကနေ သေဆုံးသွားတာမျိုး၊ ပစ္စည်းတစ်ခု အကောင်းပကတိကနေ ကွဲပျက်သွားတာမျိုး အကောင်းဘက်ကနေ အဆိုးဘက် ပြောင်းလဲသွားတာ တစ်ခုတည်းကိုပဲ အနိစ္စလို့ ခေါ်ရတာ မဟုတ်ပါဘူး။ ဘဝသစ်တစ်ခု မွေးဖွားဖြစ်တည်လာတာမျိုး၊ အပျက် အစီးကို ပြန်လည် ပြင်ဆင်နိုင်တာမျိုး တွေဟာလည်း ရွေ့ရှားပြောင်းလဲမှု အမျိုးအစားတွေ ဖြစ်နေတော့ အနိစ္စသဘောတွေပါပဲ။ အရှင်းဆုံး ပြောရရင် သက်ရှိသက်မဲ့ အရာရာဟာ အနိစ္စပါပဲ။ ဒီသဘောကိုပဲ

ဘုရားရှင်က သဗ္ဗေ သင်္ခါရာ အနိစ္စာလို့ ဟောတော်မူခဲ့ပါတယ်။ သင်္ခါရတရား အားလုံးဟာ အနိစ္စသဘောတွေဖြစ်တယ်လို့ ဆိုလိုတာပါ။

ဒီနေရာမှာ သင်္ခါရဆိုတာကတော့ အပြုပြင်ခံတရားတွေ၊ ဖန်တီးထားတဲ့ အရာတွေ ဖြစ်ပါတယ်။ ကံတရားက ဖန်တီးလိုက်တဲ့ ဘဝအမျိုးမျိုးနဲ့ လူဖန်တီးတဲ့အရာ၊ ဥတုကြောင့် ဖြစ်ပေါ်လာတဲ့ အရာတွေဟာ သင်္ခါရတရားတွေဖြစ်ပါတယ်။ ဒါတွေဟာ အနိစ္စတရားတွေသာ ဖြစ်ပါတယ်။

ကံဖန်တီးတဲ့ ဘဝဟာ အမြဲမပြတ် ပြောင်းလဲရွေ့ရှား နေပါတယ်။ နုပျိုရာကနေ အိုမင်းလာပါတယ်။ အဆင်ပြေရာကနေ အဆင်မပြေတဲ့ဘက် ပြောင်းလဲတာလဲ ရှိပါတယ်။ ငိုရာကနေ ပြုံးရတာလဲရှိပါတယ်။ ဆုံလိုက် ကွဲလိုက်၊ ပျော်လိုက် ငိုလိုက်၊ အောင်လိုက် ရှုံးလိုက် အမြဲပဲ ပြောင်းလဲနေပါတယ်။ ကောင်းလိုက် ဆိုးလိုက်၊ ပျက်လိုက် ဖြစ်လိုက် အချိန်နဲ့ အမျှ ရှုပ်ရှုပ်ယှက်ယှက် လှုပ်ခပ်နေပါတယ်။

အမြဲမပြတ် ဒလစပ် တရွေ့ရွေ့ တရှုရှု ဖြစ်ပျက် ပြောင်းလဲနေတဲ့၊ သက်ရှိသက်မဲ့တို့ရဲ့ ပေါင်းစပ်ဖွဲ့စည်းမှုဖြစ်တဲ့ တစ်လောကလုံးဟာ အခြေအနေတစ်ခုခုမှာ ရပ်တံ့မနေနိုင်တဲ့ အနိစ္စ သာ ဖြစ်ပါတယ်။

ဒါပေမယ့် မြန်မာစကားမှာတော့ ကွယ်လွန်အနိစ္စရောက်တယ်ဆိုပြီး အနိစ္စကို သေခြင်းတရားအဖြစ်ပဲ အများအားဖြင့် ရည်ညွှန်းလေ့ရှိကြပါတယ်။ အနိစ္စသဘော ကိစ္စချောလို့လည်း နဘောကာရန်နဲ့ စာသံပါပါ ပြောလေ့ရှိကြပါတယ်။ နေ့စဥ်သုံးစကားမှာ အနိစ္စလို့ ဆိုလိုက်ရင် သေခြင်းတရားလို့ပဲ လွယ်လွယ် နားလည်တတ်ကြပါတယ်။

ပတ်ဝန်းကျင် အခြေခံကောင်းလို့ ဗုဒ္ဓဘာသာရဲ့ တရားသဘောကို လွယ်လွယ်နဲ့ နားလည်လာသူပဲဖြစ်ဖြစ်၊ ဘာသာရေးနဲ့ မရင်းနှီးတဲ့ ပတ်ဝန်းကျင်ကနေ ထိုးထွက်လာပြီး ကိုယ်တိုင်ကိုယ်ကျ တကူးတက လေ့လာလိုက်စားရင်း သဘောပေါက် လာသူပဲဖြစ်ဖြစ်၊ ဗုဒ္ဓဘာသာနဲ့ ထိတွေ့ခွင့်ရတဲ့ တစ်ခြားဘာသာဝင်တွေပဲဖြစ်ဖြစ် ဗုဒ္ဓဘာသာနဲ့ ထဲထဲဝင်ဝင် ရင်းနှီးတဲ့ သူတွေကတော့ အနိစ္စဆိုတာ သေခြင်းတရား တစ်ခုတည်းကိုပဲ ဆိုလိုတာ မဟုတ်ဘူးလို့ နားလည်ကြပါတယ်။ အနိစ္စသဘောကို နည်းနည်းပိုပြီး နားလည်လာကြပါ တယ်။ ဒီလိုနားလည်တဲ့

သူတွေကတော့ သက်မဲ့ရုပ်ဝတ္ထုပစ္စည်း တစ်ခုခု ပျောက်ရှပျက်စီးတဲ့ အခါမျိုးမှာလည်း အနိစ္စပဲလေလို့ ဖြေဆည်ရာ ရာတတ်ကြပါတယ်။

အဲဒီလို အနိစ္စသဘောကို နာလည်ရိပ်စားမိခြင်းဟာ ဖြေဆည်ရာတစ်မျိုးပဲ ဖြစ်ပါ တယ်။ ဘဝဒုက္ခကနေ သက်သာရာ သက်သာကြောင်း ဖြစ်ပါတယ်။ မတည်မြဲတဲ့ အနိစ္စ သဘောကို သိထားတယ်ဆိုရင် ကိုယ်ရောစိတ်ပါ သက်သာရာ ရနိုင်ပါတယ်။

ကိုယ်ဆင်းရဲ စိတ်ဆင်းရဲ ဖြစ်ရတာဟာ အဆိုးလောဓံ အဆင်မပြေမှုတွေနဲ့ ကြုံတွေ့ ရတဲ့ အတွက်ကြောင့် ဖြစ်ပါတယ်။ အဆိုးလောကဓံ ဆိုတာဟာလည်း ဘဝဖွဲ့စည်းမှု အစိတ် အပိုင်း များစွာထဲက တစ်စိတ်တစ်ပိုင်းသာ ဖြစ်နေတော့ သူလည်းအနိစ္စပဲ၊ ကြာရှည် မတည်နိုင်ဘူးလို့ သဘောပိုက်လိုက်နိုင်ရင် သက်သာရာ ရနိုင်ပါတယ်။

တစ်မျိုးပြောရရင် ဒုက္ခရောက်ရတယ်၊ ကိုယ်စိတ် ဆင်းရဲရတယ်ဆိုတဲ့ ဒုက္ခသစ္စာဟာ တပ်မက် တွယ်တာခြင်း ဆိုတဲ့ သမုဒယသစ္စာကြောင့် ဖြစ်ပေါ်လာရတာပါ။ အနိစ္စသဘောကို သိထားရင် သက်ရှိသက်မဲ့ နှစ်မျိုးလုံးအပေါ်မှာ ကျရောက်တဲ့ တပ်မက်တွယ်တာမှု တဏှာ လောဘကို လျှော့ချ ပစ်နိုင်ပါတယ်။ အနိစ္စသဘောကို သိရင် သိသလောက် တဏှာ လောဘကို လျှော့ချပစ်နိုင်ပါတယ်။ အကြောင်းတဏှာ နည်းသွားတာနဲ့အမျှ အကျိုး ဒုက္ခလည်း နည်းသွားပါတယ်။

အနိစ္စသဘောကို အပြည့်အစုံ ပရမတ်ဆိုက်အောင် သိတယ်ဆိုရင်တော့ တဏှာ လောဘကို အပြတ်သုတ်သင်နိုင်သူ၊ ပစ္စက္ခ ဘဝဒုက္ခသာမက သံသရာဒုက္ခကိုပါ ငြိမ်းစေ နိုင်သူ ရဟန္တာပုဂ္ဂိုလ် ဖြစ်လာပါတယ်။ ဒါကြောင့် အနိစ္စသဘောကို နားလည်ရိပ်စား မိတယ်ဆိုရင် ဘဝဒုက္ခကနေ သက်သာရာ ရတယ်လို့ ပြောတာပါ။

အနိစ္စသဘောကို နားလည်တယ်ဆိုတာ သဘာဝတရားကို အမှန်အတိုင်း သိမြင်ခြင်းပဲ ဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ အနိစ္စဆိုတာ သူ့အလိုလို တည်ရှိနေတဲ့ သဘာဝတရား ဖြစ်လို့ပါပဲ။ သူ့သဘာဝအတိုင်း တည်ရှိနေတဲ့ အနိစ္စသဘောကို ဘုရားရှင် စတင်တွေ့ရှိပြီး ဉာဏ်မီသူတွေ သိပါစေလို့ ပြန်လည် ဟောပြတော်မူခဲ့တော့ အနိစ္စဆိုတာ ဗုဒ္ဓဘာသာရဲ့ တရားတော်တစ်ခု ဖြစ်လာပါတယ်။

ဗုဒ္ဓဘာသာရဲ့ တရားတော်ဆိုပေမယ့် ဘာသာတိုင်း လူမျိုးတိုင်းနဲ့ ပတ်သက် နေပါတယ်။ လူမျိုးမရွေး ကြုံတွေ့ရတဲ့၊ ဘာသာမရွေး နားလည်သူတိုင်း ယုံကြည်နိုင်တဲ့ သဘောတရားတစ်ခု ဖြစ်ပါတယ်။ ဒီနေရာမှာ ယုံကြည်တယ်ဆိုတာ သဘောမှန်ကို လက်ခံခြင်းပဲ ဖြစ်ပါတယ်။

အနိစ္စသဘောဟာ ဝိပဿနာတင်ရမယ့် ဝိသေသလက္ခဏာ ဖြစ်သလို တစ်ခြား ဝိပဿနာရှုရမယ့် လက္ခဏာတွေဖြစ်တဲ့ ဒုက္ခ, အနတ္တတို့နဲ့လည်း ဆက်နွယ်မှု ရှိနေပါတယ်။ ဒါကြောင့် ဘုရားရှင်က ယဒနိစ္စံ တံ ဒုက္ခံ, ယံ ဒုက္ခံ တဒနတ္တာလို့ ဟောတော်မူခဲ့ပါတယ်။ အနိစ္စဖြစ်တဲ့ တရားဟာ ဒုက္ခသာဖြစ်တယ်၊ ဒုက္ခဖြစ်တဲ့ တရားဟာ အနတ္တသာဖြစ်တယ်လို့ အဓိပ္ပာယ် ရပါတယ်။

အနိစ္စသဘောကို မြင်နိုင်တယ်ဆိုရင် ဒုက္ခသဘောနဲ့ အနတ္တသဘောကိုလည်း လွယ်လွယ်နဲ့ မြင်နိုင်ပါတယ်။ ဒါကြောင့် ဇေန္တတ္ထေရဂါထာမှာ အနိစ္စာနုပဿနာကိုသာ ရှုပွားဖို့ တိုက်တွန်းထား ပါတယ်။

သင်္ခါရတရားတို့ရဲ့ အနိစ္စလက္ခဏာ ပေါ်လွင်စေဖို့ ဘုရားရှင်ဟာ သတ္တသူရိယသုတ်မှာ ဟောတော်မူခဲ့ပါတယ်။ သုတ်တော်ရဲ့ ဆိုလိုရင်းက ဒီလိုပါ။ လောကမှာ နှစ်တွေ ရာချီ ထောင်ချီပြီး မိုးခေါင်တဲ့အခါမျိုး ရှိတတ်ပါတယ်။ အဲဒီလိုအခါမျိုးမှာ အပင်ဟူသမျှ ခြောက်သွေ့သွားကြရပါတယ်။ နေနှစ်စင်း ထွက်တဲ့အခါမျိုးလည်း ရှိပါတယ်။ အဲဒီလို အခါမျိုးမှာ မြစ်ငယ် အိုင်ငယ်တွေ ခြောက်သွေ့သွားရပါတယ်။ နေသုံးစင်း ထွက်တဲ့ အခါမျိုးလည်း ရှိပါတယ်။ အဲဒီလိုအခါမျိုးမှာ ဂင်္ဂါ, ယမုနာ, အစိရဝတီ, သရဘူ, မဟီဆိုတဲ့ မြစ်ကြီးငါးစင်း ခန်းခြောက်သွားရပါတယ်။ နေလေးစင်း ထွက်တဲ့အခါမျိုးလည်း ရှိပါတယ်။ အဲဒီလို အခါမျိုးမှာ မြစ်ကြီးငါးစင်းတို့ရဲ့ မြစ်ဖျားခံရာ အင်းအိုင်ကြီးတွေ ခန်းခြောက်ကြရ ပါတယ်။ နေငါးစင်း ထွက်တဲ့အခါမျိုးလည်း ရှိပါတယ်။ အဲဒီလိုအခါမျိုးမှာ သမုဒ္ဒရာရေဟာ ခြေကျင်းဝတ်လောက် ကျန်တဲ့အထိ ခန်းခြောက်သွားရပါတယ်။ နေခြောက်စင်း ထွက်တဲ့ အခါမျိုးလည်း ရှိပါတယ်။ အဲဒီလိုအခါမျိုးမှာ မဟာပထဝီမြေကြီးနဲ့ မြင့်မိုရ်တောင်တို့ဟာ အိုးကို မီးဖုတ်လိုက်သလို အခိုးအငွေ့ တလူလူ ထွက်နေပါတော့တယ်။ နေခုနစ်စင်း ထွက်တဲ့ အခါမျိုးလည်း ရှိပါတယ်။ အဲဒီလိုအခါမျိုးမှာ ကမ္ဘာမြေကြီးနဲ့ မြင့်မိုရ်တောင်တို့ဟာ မီးဟုန်းဟုန်း တောက်ရပါတော့တယ်။ ဒီမီးဟာ ဗြဟ္မာ့ပြည်တိုင်အောင် တက်ရောက် လောင်ကျွမ်း ပါတယ်။ အဲဒီအခါမှာ ကမ္ဘာမြေနဲ့ မြင့်မိုရ်တောင်တို့ဟာ ထောပတ်တို့ ဆီးတို့ လောင်ကျွမ်းသလိုမျိုး လောင်ကျွမ်းသွားတာမို့ ပြာတို့ မီးသွေးတို့တောင် မကျန်ရစ် တော့ပါဘူး။ သင်္ခါရတရားဆိုတာ ဒီလို မတည်မမြဲတဲ့သဘော ရှိပါတယ်။ သာယာစရာ

မဟုတ်ပါဘူး။ ငြိမ်းချမ်းစရာပါ။ တပ်မက်စွဲငြိစရာ မဟုတ်ပါဘူး။ လွတ်မြောက် ရုန်းထွက်ရမယ့် အရာသာ ဖြစ်ပါတယ်။ လောကရဲ့နိဂုံးဟာ သုညဖြစ်တယ်ဆိုတာကို အရိယာပုဂ္ဂိုလ်တို့သာ လက်ခံယုံကြည်နိုင်ကြပါတယ်။ ဒါကတော့ သစ္စာသုရိယသုတ်ရဲ့ ဆိုလိုရင်း ဖြစ်ပါတယ်။

ဒီသုတ်တော်ရဲ့ ဆိုလိုရင်း လောကနိဂုံးသုညဆိုတာကို အရိယာပုဂ္ဂိုလ်တွေလို အတိ အကျ မသိနိုင်ပေမယ့် ဉာဏ်မီသလောက် မှန်းဆကြည့်သင့်ပါတယ်။

အနိစ္စသဘောကို နားလည်လက်ခံသူပဲ ဖြစ်ဖြစ်၊ နားမလည် လက်မခံသူပဲဖြစ်ဖြစ် လှုပ်လှုပ်ရှားရှား မတည်မြဲတဲ့ အနိစ္စသဘောကို မလွန်မြောက်နိုင်ပါဘူး။ စွမ်းအားပြင်းတဲ့ ဒီ အနိစ္စသဘာဝတရားဟာ သူ့ကို ဘယ်သူသိသိ မသိသိ သက်ရှိသက်မဲ့ အရာအားလုံး၊ တစ်လောကလုံးကို နင်းကြိတ် ဝါးမျိုးသွားမှာပါ။

ဒီတော့ အနိစ္စသဘာဝကို ဘာမှမသိလိုက်ဘဲ အနိစ္စဒဏ်ချက်ကို ဘုမသိဘမသိ ခေါင်းငုံ့ခံနေရတာမျိုး၊ ဘဝအဆက်ဆက် ဒုက္ခသံသရာ လည်နေရတာမျိုး မဖြစ်ရအောင် ဒုက္ခဇာတ်သိမ်းသည်အထိ အနိစ္စသဘာဝကို ကိုယ့်ဉာဏ်အလျောက် အခွင့်ရှာပြီး သုံးသပ် ဆင်ခြင်သင့်ပါကြောင်း ..... ။

ရှင်အာစာရ

## ဖိတ်ခေါ်ချက်

ဗုဒ္ဓဓမ္မကို စိတ်ဝင်စားသူတိုင်း စိတ်ဝင်စားသော ဓမ္မအချက်အလက်ကို

စာတိုက်မှဖြစ်စေ၊ E-mail ဖြင့်ဖြစ်စေ

(အင်္ဂလိပ်ဘာသာဖြင့်ဖြစ်စေ၊ မြန်မာဘာသာဖြင့်ဖြစ်စေ)

အောက်ပါ လိပ်စာသို့ ပေးပို့ပြီး

ဆွေးနွေးခြင်း၊ မေးမြန်းခြင်းများ ပြုလုပ်ကြပါရန်

လေးစားစွာ ဖိတ်ခေါ်ပါသည်

အရှင်အာစာရ
အခန်း ၂၀၁၊ အမျိုးသားဆောင် – အေ
အပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်၊
မရမ်းကုန်း၊ ရန်ကုန်
acr@sailormoon.com